Australian Aid

unicef

# ငြိမ်းချမ်းပြီး စည်းလုံးညီညွတ် စည်ပင်ကြွယ်ဝသည့် မြန်မာနိုင်ငံတော်အတွက် အမျိုးသားအဆင့် ပညာရေးမဟာဗျူဟာ အစီအစဉ်အား မိတ်ဆက်

**ရန်ကုန်၊ မြန်မာ၊ ၂၀၁၇ခုနှစ်၊ ဖေဖော်ဝါရီလ (၂၃)ရက်** - ပထမဆုံးသော အမျိုးသားအဆင့် ပညာရေး မဟာဗျူဟာ အစီအစဉ်အား နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ယနေ့ နေပြည်တော်တွင် မိတ်ဆက်လိုက်သည်။ ယင်းအစီအစဉ်တွင် နောင်လာမည့် ငါးနှစ်စာ မဟာဗျူဟာ နည်းလမ်းများ၊ ကဏ္ဍအတွင်း ပါဝင်သည့် ပြည်တွင်းနှင့် ပြည်ပရင်းနှီးမြှုပ်နှံမှုများအတွက် ရှင်းလင်းသည့် လမ်းညွှန်မှုနှင့် အကောင်အထည် ဖော်ဆောင်ရေးလုပ်ငန်းများတွင် အတူတကွပူးပေါင်း လုပ်ဆောင်ရန် အင်အားများအတွက် ကိရိယာတစ်ခု၊ စသည်တို့ပါဝင်သည့် ဘုံမူဝါဒချက်မှတ်ရေးမူဘောင် ပါဝင်သည်။

“ဒီမဟာဗျူဟာ အစီအစဉ်ဟာဆိုရင် လေးနက်ပြီး အခြေခံကျတဲ့ မူဘောင်တွေကို အခြေခံထားတာ ဖြစ်ပါတယ်။ အဓိကအနေနဲ့ဆိုရင် မြန်မာနိုင်ငံရဲ့ ပညာရေးအခွင့်အလမ်းဟာ ကလေးသူငယ်တိုင်း ရရှိရမယ့် အခွင့်အရေးတစ်ရပ်ဖြစ်ကြောင်း၊ လူမျိုးဘာသာ၊ ကျား၊မမရွေး၊ လူမှုစီးပွားရေးနဲ့ နိုင်ငံသား သတ်မှတ်ချက်တွေနဲ့ သူတို့လေးတွေရဲ့ လုပ်ဆောင်နိုင်မှုစွမ်းအား၊ မည်သည့်နေရာတွေမှာ နေထိုင်တယ် ဆိုတာတွေကိုကြည့်ပြီး ခွဲခြားမှုမရှိစေတဲ့အပြင် ကျောင်းပညာ ဆက်လက်သင်ယူနိုင်ခြင်း မရှိတော့တဲ့ ကလေးငယ်တွေအားလုံးလဲ နောက်ကျ ကျန်ခဲ့ခြင်းမရှိစေဖို့အတွက် အခြေခံထားပါတယ်။” ဟု ယူနီဆက်မှ မြန်မာနိုင်ငံ ဌာနေကိုယ်စားလှယ်နှင့် ဖွံ့ဖြိုးမှုမိတ်ဖက် တွဲဖက်ဥက္ကဋ္ဌ ဘတ်ထရန် ဘိန်း(ဗ်)လ်က အခိုင်အမာ ပြောဆိုလိုက်သည်။ ”ဒါဟာ မြန်မာနိုင်ငံအတွက် တကယ်ကို သမိုင်းဝင်စေတဲ့ အချိန်လေးပါ။ နိုင်ငံတော်ရဲ့ ဖွံ့ဖြိုးတိုးတက်မှု၊ လူမှုပေါင်းစည်းညီညွတ်မှု၊ ငြိမ်းချမ်းရေးနဲ့ အမျိုးသား စည်းလုံးညီညွတ်ရေးစတဲ့ အရာတွေအတွက် ပညာရေးဆိုင်ရာကဏ္ဍဟာ အင်မတန်ပဓာနကျကြောင်း အခိုင်အမာ ဖော်ပြလိုက်တာပဲ ဖြစ်ပါတယ်။

လူတစ်ဦးတစ်ယောက်ချင်းစီအနေဖြင့် စဉ်ဆက်မပြတ် သင်ယူလေ့လာနိုင်ရေး၊ ရွေးချယ်ပိုင်ခွင့်နှင့် အခွင့်အလမ်းများကို လက်လှမ်းမီနိုင်ရေး၊ နိုင်ငံတော်စည်ပင်ကြွယ်ဝရေး၊ ဒီမိုကရေစီလမ်းကြောင်းနှင့် ငြိမ်းချမ်းရေး၊ အစရှိတဲ့ကဏ္ဍတွေမှာ တက်ကြွစွာ ပါဝင်ဆောင်ရွက်နိုင်ရေး၊ စသည့်အရာများအတွက် ဆန်းသစ်သည့် နည်းလမ်းအဖြေများနှင့် မိတ်ဖက်အဖြစ် ဆောင်ရွက်မှုများကို တည်ဆောက် အကောင်အထည်ဖော်ရမည် ဖြစ်ကြောင်း ယင်းမဟာဗျူဟာ အစီအစဉ်က အခိုင်အမာ ဖော်ပြထားသည်။

ထောင်နှင့်ချီသော ဆရာ၊ ဆရာမများ၊ ကျောင်းအုပ်ကြီးများ၊ ပညာရေးဆိုင်ရာ ကျွမ်းကျင်သူများ၊ အရပ်ဖက်လူ့အဖွဲ့အစည်းများနှင့် လွှတ်တော်အမတ်များအနေဖြင့် ၂၀၁၂ခုနှစ်မှ စတင်ခဲ့သည့် ပြည့်စုံကျယ်ပြန့်သော ပညာရေးကဏ္ဍဆိုင်ရာ ပြန်လည်ဆန်းစစ်သုံးသပ်ချက်(CESR)တွင် ပါဝင်ခဲ့ကြသည်။ ယနေ့တွင် မိတ်ဆက်လိုက်သည့် အစီအစဉ်သည် ယင်းကဲ့သို့ ပူးပေါင်းကြိုးပမ်းခဲ့မှုများ၏ ရလဒ်ကောင်းပင်ဖြစ်ပြီး မြန်မာနိုင်ငံ၏ မကြာလှသေးသည့် သမိုင်းကြောင်းအတွင်း မကြုံဖူးသေးသည့် ညှိနှိုင်းဆွေးနွေးတိုင်ပင်မှု ရလဒ်များကို အခြေခံထားခြင်း ဖြစ်သည်။

"ယခုလို မိတ်ဆက်လိုက်တဲ့ အစီအစဉ်ဟာ ပညာရေးကဏ္ဍဆိုင်ရာ ပြန်လည်ဆန်းစစ်လေ့လာ သုံးသပ်ချက်ရဲ့ ခရီးလမ်းရှည်ကနေ စတင်ခဲ့တဲ့ အောင်မြင်မှုတခု ဖြစ်ပေမယ့်လည်း နောက်ထပ်ခရီးလမ်းကြောင်း အသစ်တခုရဲ့ အစပြုခြင်းဆိုလည်း မမှားပါဘူး" ဟု ဖွံ့ဖြိုးမှုမိတ်ဖက် တွဲဖက်ဥက္ကဌနှင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံဆိုင်ရာ ဩစတြေးလျနိုင်ငံ သံအမတ်ကြီး နီကိုလတ်(စ်) ကော်ပယ်(လ်)က ပြောသည်။ "မြန်မာနိုင်ငံက ကလေးသူငယ်လေးတွေအားလုံးကို အကျိုးပြုနိုင်ဖို့ ဒီလို လမ်းကြောင်းချထားပြီးဖြစ်တဲ့ အစီအစဉ်ကို ကျွန်ုပ်တို့က ဆက်လက်ပံ့ပိုးကူညီသွားဖို့ လိုပါတယ်။ ဒါမှသာ မိတ်ဖက်ဖြစ်သူအားလုံးနဲ့ ပညာရေးကဏ္ဍအတွက် ကူညီလုပ်ကိုင်နေတဲ့ ကဏ္ဍတွေအားလုံးက သိရှိပိုင်ဆိုင်နိုင်ပြီး တညီတညွတ်တည်း လုပ်ကိုင်နိုင်မှာ ဖြစ်ပါတယ်။

ဤမဟာဗျူဟာအစီအစဉ်သည် နိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားအဖွဲ့အစည်းများမှ ဦးဆောင်ဆောင်ရွက်သည့် ဗဟိုချုပ်ကိုင်မှုကို ဖျက်သိမ်းခြင်း၊ ပြန်လည်ဆုံမိနေသော နည်းစနစ်များအကြောင်း ဆွေးနွေးခြင်းနှင့် စွမ်းဆောင်မှုမြှင့်တင်ရေးတွင် အပြည့်အဝပါဝင် ဆောင်ရွက်ရမည့် ကျောင်းအုပ်ကြီးများ၊ ဆရာ၊ ဆရာမများ၊ မိဘများနှင့် ကျောင်းသားများအတွက် ပျော့ပြောင်းသည့် ကိရိယာတစ်ခုလည်း ဖြစ်စေပါသည်။

"ပညာရေးဆိုတာ လူတစ်ဦးချင်းစီတိုင်းနဲ့ အသိုင်းအဝိုင်းတစ်ခုလုံးရဲ့ စွမ်းဆောင်ရည်ကို လမ်းဖွင့်ပေးနိုင်တဲ့ အဓိက သော့ချက်ပဲဖြစ်ပါတယ်။" ဟု နီကိုလတ်(စ်) ကော်ပယ်(လ်)က ဖြည့်စွက်ပြောကြားသည်။

"တချိန်တည်းမှာပဲ ကလေးသူငယ်တွေ ပညာသင်ကြားနေချိန်မှာ အတန်းချိန်တွေကို အနှောက်အယှက်ဖြစ်စေတဲ့ နေရပ်စွန့်ခွာပြောင်းရွှေ့နေထိုင်ရမှုတွေကို ရပ်တန့်သွားနိုင်ဖို့ ငြိမ်းချမ်းရေးလိုအပ်ပါတယ်။ နောက်ပြီးတော့ စာသင်ကျောင်းတွေအနေနဲ့လည်း လူမျိုးအနည်းစုကို လေးစားမှုရှိပြီး မြန်မာနိုင်ငံမှာ ပညာရေးအခွင့်အလမ်းကို ကလေးသူငယ်တွေတိုင်း ရရှိဖို့အတွက် သူတို့ရဲ့ သွင်ပြင်လက္ခဏာတွေနဲ့ ဘာသာစကားတွေကိုလည်း လေးစားရမှာ ဖြစ်ပါတယ်။" ဟု ဘတ်ထရန် ဘိန်း(စ်)လ်က နိဂုံးချုပ်ပြောကြားသည်။

## Australian Aid Program in Myanmar

ဩစတြေးလျနိုင်ငံမှ မြန်မာနိုင်ငံတွင် ထောက်ပံ့ပေးနေသည့် ဖွံ့ဖြိုးမှုဆိုင်ရာ အထောက်အပံ့များသည် ပညာရေးကဏ္ဍ အရည်အသွေးမြှင့်တင်ပေးခြင်း၊ ငြိမ်းချမ်းရေးနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုနှင့်

စီးပွားရေးတိုးတက်မှုနှင့် အစိုးရအဆင့် စီမံအုပ်ချုပ်မှုကို အားပေးအထောက်အကူပြုခြင်း၊ စသည့် ပံ့ပိုးကူညီမှုများမှတဆင့် နိုင်ငံတော်ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်ကို အထောက်အကူပြုနိုင်ရန် ရည်ရွယ်သည်။ Australia aid program in Myanmarနှင့် ပက်သက်၍ ပိုမိုသိရှိလိုပါက အောက်ပါလိပ်စာ အတိုင်း ရှာဖွေနိုင်ပါသည်။

Please visit: http://dfat.gov.au/geo/myanmar

Follow us on Facebook: https://www.facebook.com/AustralianEmbassyMyanmar

**UNICEF in Myanmar**

UNICEF အနေဖြင့် မြန်မာနိုင်ငံတွင် ၁၉၅၀ခုနှစ်ကတည်းက စတင် လုပ်ဆောင်နေသော အဖွဲ့ဖြစ်သည်။ UNICEF အနေဖြင့် အစိုးရနှင့် လူမှုအခြေစိုက်အဖွဲ့များဖြင့် မိတ်ဖွဲ့ကာ ကလေးသေဆုံးမှုနှုန်း လျော့ချရေး၊ ကလေးများ အရည်အသွေးပြည့်ဝသော ပညာရေးကို သင်ကြားနိုင်စေရေးနှင့် ကလေးများအား အကြမ်းဖက်မှုမှကာကွယ်ရေး စသည့် လုပ်ငန်းစဉ်တို့ကို ဆောင်ရွက်လျှက် ရှိသည်။

UNICEF မြန်မာနှင့်ပက်သက်၍ ပိုမိုသိရှိလိုပါက အောက်ပါလိပ်စာအတိုင်း ရှာဖွေဖတ်ရှုနိုင်ပါသည်။

Website: http://www.unicef.org/myanmar

Facebook: https://www.facebook.com/unicefmyanmar

**ပိုမိုသိရှိလိုပါက အောက်ပါအတိုင်း ဆက်သွယ်နိုင်ပါသည် -**

Mariana Palavra, Communication Specialist, Advocacy, Partnerships and Communication Section, UNICEF Myanmar, (+95) 9795452618, (+95) 9795452618, mpalavra@unicef.org

Htet Htet Oo, Communication Officer, Advocacy, Partnerships and Communication Section, UNICEF Myanmar, 09250075238, hoo@unicef.org

Jay Frere Harvey, Second Secretary, Australian Embassy, jay.frereharvey@dfat.gov.au